# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 4 , 2023 Volume 66, Number 2


၄.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်တွင် တရုတ်တစ်ရှူးငှက်ပျောစိုက်ခင်းများ ပုံမှန်ပြန်လည်စိုက်ပျိုးလာ

ကချင်ပြည်နယ်တွင် တရုတ်တစ်ရှူးငှက်ပျောစိုက်ခင်းများ ပုံမှန်ပြန်လည်စိုက်ပျိုးလာကြောင်း ကချင်ပြည်နယ် သီးနှံအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကချင်ပြည်နယ်ရှိ တရုတ်တစ်ရှူးငှက်ပျောစိုက်ခင်းများမှာ ကိုဗစ်ကပ်ဘေးကြောင့် ၂၀၂၀ ပြည့်နှစ်ဆန်းပိုင်းမှစတင်ကာ နယ်စပ်ဂိတ်များကို တရုတ်နိုင်ငံမှ ပိတ်လိုက်ဖွင့်လိုက်ပြုလုပ်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် တစ်နှစ်လုံးနီးပါး ပိတ်ထားခဲ့သဖြင့် တစ်ရှူးငှက်ပျောစိုက်ခင်းများ ထက်ဝက်ကျော် ကျဆင်းခဲ့သည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များတွင် နယ်စပ်ဂိတ်များ ပုံမှန်ပြန်ဖြစ်ပြီးနောက် တစ်ရှူးငှက်ပျောများ အရောင်းအဝယ်ဖြစ်ထွန်းခဲ့ပြီး ယခုနှစ်တွင် နေရာအားလုံးတွင် ပုံမှန်စိုက်ပျိုးမည်ဖြစ်ကြောင်း ကချင်ပြည်နယ် သီးနှံစိုက်ပျိုးသူများ အသင်းဥက္ကဋ္ဌဖြစ်သူ ဦးလရစ်က ပြောကြားသည်။

၎င်းက “ငှက်ပျောဈေးကွက်တွေ ပြန်ဖြစ်လာတော့ ဒီနှစ်တော့ စိုက်ခင်းဟောင်းနေရာတွင် အားလုံးပြန်ဝင်ဖို့ရှိပါတယ်။ စိုက်တဲ့သူတွေမှာကတော့ အစိုးရကို ဆောင်ရတဲ့ငွေတွေအပြင် အကုန်အကျတွေ များလွန်းနေတယ်။ ဒီနှစ်တော့ အရင်လို ငှက်ပျောခြံကိစ္စနဲ့ပတ်သက်လို့ အငြင်းပွားတာတွေ မဖြစ်ဘူး” ဟု ဆိုသည်။

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များတွင် တစ်ရှူးငှက်ပျောသယ်ကားများပိုင်ဆိုင်သူ တစ်ဦးက “ဝိုင်းမော်၊ မြစ်ကြီးနားမြို့နယ်ဘက်ကထွက်တဲ့ ငှက်ပျောက အစိုးရက တစ်စီး ခုနစ်သိန်းလောက် ကောက်တယ်။ လမ်းက လုံခြုံရေးဂိတ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို ပေးဆောင်ရတာက ၁၀ သိန်းလောက် ကုန်နေတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း အခွန်အခတိုးမြှင့်လိုက်တာက တော်တော်အခက်အခဲတွေ့စေတယ်ဗျ။ လုံခြုံရေးဂိတ်တွေလည်း ပွစိကိုခတ်နေတာ” ဟု ပြောကြားသည်။

တစ်ရှူးငှက်ပျောခင်းများတွင် အခင်းရှင်နှင့် အလုပ်သမားများကြား ငွေကြေးအရ ပြေလည်နေသော်လည်း ကုန်းဈေးနှုန်းကြီးမှုကို အလုပ်သမားလူတန်းစားအားလုံး ခံစားနေကြရပြီး တစ်နေ့တခြား ပိုမိုကျပ်တည်းလာသည့် အခြေအနေဖြစ်ကြောင်း ရပ်ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးကဆိုသည်။ ၎င်းက “အရင်က တရုတ်ငွေဈေးက ကျပ်ငွေ တစ်သိန်းဆိုရင် တရုတ်ယွမ်ငွေ လေးရာကျော်တယ်။ အခုက ၂၅၀ ယွမ်အောက်ပဲ ရတယ်။ အရင်က ဆန်တစ်အိတ် လေးသောင်း၊ အခု တစ်သိန်းကျော်နေပြီ။ အလုပ်သမားခက တစ်ရက် ၆၀၀၀ ကျပ် မတက်ဘူး။ စစ်ကိုင်းတိုင်းထဲမှာ စစ်ဖြစ်တော့ အလုပ်သမားတွေကလည်း နေရာတိုင်းပြည့်နေတော့ အလုပ်တော့ နေရာတိုင်းဖြစ်နေကြတာပဲ” ဟုဆိုသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကချင်ပြည်နယ်တွင် တစ်ရှူးငှက်ပျောစိုက်ခင်းများကို ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးမောက်၊ ဗန်းမော်၊ ရွှေကူစသည့်မြို့နယ်များတွင် စိုက်ပျိုးနေခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင် လူမှုအဖွဲ့အစည်းများက ကောက်ယူထားသောစာရင်းအရ တစ်ရှူးငှက်ပျောစိုက်ဧကပေါင်း တစ်သိန်းခွဲဝန်းကျင်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/247702

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှ ၂၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၆၇၀၅၇၁၂.၈၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၀၉၈၃၅၄.၈၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်ကွဲ၊ ဖရဲသီး၊ ကြိမ်နှင့် ရွှေဖရုံသီးများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၉၉၄၃၂၂.၈၅ ကန်ဒေါ်လာ ဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၇၁၁၃၉၀.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ ချည်ထည်များ၊ ဓါတုဗေဒချည်ခင်များ၊ ဆေးဝါးပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ သံပိုက်၊ တစ်သျှူးစက္ကူ၊ မြက်ခင်းတုနှင့် Empty Cargo Container 45’ Feet များတင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၈၂၅၂၅.၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၁၅၈၂၉.၈၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၉ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၃.၉၅ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source:** မနော်မြေကုန်သွယ်မှုဇုံဌာန

## EV ယာဉ်များ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်သက်တမ်း ထပ်တိုးပေး

ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် ဘက်ထရီလျှပ်စစ်သုံးယာဉ် (BEV) ၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများ တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်း သုညရာခိုင်နှုန်း လျှော့ချသတ်မှတ်ခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်အထိ သက်တမ်းတိုးမြှင့်လိုက်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

စီမံ/ဘဏ္ဍာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up – CBU စနစ်၊ Completely Knocked Down-CKD စနစ်နှင့် Semi-Knocked Down-SKD စနစ်တို့ဖြင့် တင်သွင်းသည့် လျှပ်စစ်သုံးယာဉ်များကို အခွန်ဆက်လက်ကောက်ခံခြင်းမပြုရန် အသိပေးထုတ်ပြန်ထားခြင်းဖြစ်သည်။

ယာဉ်အမျိုးအစားများတွင် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ်၊ (၁၀)ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်မော်တော်ယာဉ်၊ ကုန်တင်ယာဉ်၊ လူစီးယာဉ်၊ သုံးဘီးယာဉ်(လူစီး)၊ သုံးဘီးတပ်ယာဉ်(ကုန်တင်)၊ လူစီးနှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်၊ လူစီးနှစ်ဘီးတပ် လျှပ်စစ်စက်ဘီး၊ လူနာတင်ယာဉ်၊ အချုပ်ကားနှင့် နိဗ္ဗာန်ယာဉ်တို့ပါဝင်ကြောင်း သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် ဧပြီလ (၁) ရက်မှ ၂၀၂၄ ခုနှစ် မတ်လ (၃၁) ရက်အထိ အကျိုးသက်ရောက်စေရမည်ဟု အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source: Popular News Journal**

## ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေရေနက်ဆိပ်ကမ်းသစ် တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

အိန္ဒိယနိုင်ငံနှင့် တိုက်ရိုက်ရေကြောင်းကုန်သွယ်မှုစတင်မည့် ရခိုင်ပြည်နယ်ရှိ စစ်တွေရေနက်ဆိပ်ကမ်းသစ် တည်ဆောက်မှု ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စောက နိုင်ငံပိုင်သတင်းစာကို ပြောကြားထားသည်။

အဆိုပါ စစ်တွေရေနက်ဆိပ်ကမ်းသစ်ကို ၂၀၁၇ ခုနှစ်မှ စတင်အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် နိုင်ငံတကာ သင်္ဘောများ ဆိုက်ကပ်နိုင်ပြီဖြစ်ကြောင်း ၎င်း၏ပြောကြားချက်အရ သိရသည်။

အဆိုပါ အဆင့်မြှင့်တင်ထားသည့် စစ်တွေဆိပ်ကမ်းသစ်သည် အိန္ဒိယနိုင်ငံ ကာလကတ္တားဆိပ်ကမ်းနှင့် တိုက်ရိုက် ကုန်သွယ်နိုင်မည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းနှင့်လည်း တိုက်ရိုက် ကုန်သွယ်မှု ပြုလုပ်နိုင်မည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်းသိရသည်။ “စစ်တွေရေနက်ဆိပ်ကမ်းကတော့ ပြီးခဲ့တဲ့ မတ်လ နောက်ဆုံးပတ်ကတည်းက ရာနှုန်းပြည့်ပြီးစီးနေတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ ကာလာကတ္တားမြို့ Syam a Prasad Mooker ဆိပ်ကမ်းကနေ စစ်တွေရေနက်ဆိပ်ကမ်းသစ်ကို ဘိလပ်မြေတင်လာတဲ့ သင်္ဘောတွေကတော့ မေ (၄) ရက်မှာ ဝင်လာဖို့ ရှိပါတယ်။ ဒီသင်္ဘောတွေ ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်တင်ကုန်ချ စတင်လုပ်ကိုင်ရင်းနဲ့ပဲ ရေနက်ဆိပ်ကမ်းသစ်ကို ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်”ဟု ၎င်းက ပြောကြားထားသည်။

ယခုနှစ် ဇန်နဝါရီ (၁၃) ရက်တွင် စစ်တွေရေနက်ဆိပ်ကမ်းမှ တစ်ဆင့် ဆန်တန်ချိန် ၂၆၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အစမ်းသဘောမျိုး ပို့ဆောင်ပေးနိုင်ခဲ့ပြီး ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် စစ်တွေရေနက်ဆိပ်ကမ်းသစ်ကို အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၁၂၀ အကုန်အကျခံ တည်ဆောက် ထားခြင်းဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ကမ္ဘာ့ဘဏ် နိုင်ငံတကာဆန်ဈေးနှုန်း ခန့်မှန်းချက်ထုတ်ပြန်

ကမ္ဘာ့ဘဏ်က နိုင်ငံတကာဆန်ဈေးနှုန်း ယမန်နှစ်ထက် ၁၇ ရာခိုင်နှုန်းတက်လိမ့်မည်ဟု ခန့်မှန်းထားပါသည်။ ၂၀၂၃ ခုနှစ်မှာ တစ်တန်လျှင် ကန်ဒေါ်လာ ၅၁၀ အထိ တက်လိမ့်မည်ဟု ခန့်မှန်းထားပြီး ၂၀၂၄ ခုနှစ်မှာ တစ်တန်လျှင် ကန်ဒေါ်လာ ၄၉၀ သို့ လျော့ကျမည်ဟု ခန့်မှန်းပါသည်။

ဝါရှင်တန်တွင် ကြာသပတေးနေ့၌ ထုတ်ပြန်သည့် ၎င်း၏ နှစ်စဉ် Commodity Market Outlook တွင် ကမ္ဘာ့ဘဏ်က ယခုနှစ် ပထမသုံးလပတ်တွင် ဆန်ဈေးနှုန်းသည် ဝယ်လိုအား အားကောင်းနေခြင်းနှင့် ဆန်အထွက်နည်းခြင်းတို့ကြောင့် ယခုနှစ် ပထမသုံးလပတ်တွင် ၁၁ ရာခိုင်နှုန်း တက်လာသည်ဟု ဆိုသည်။

ဆန်ဝယ်လိုအား ကောင်းနေခြင်းသည် အာရှမှ ဆန်အများဆုံးတင်ပို့သည့် ၃ နိုင်ငံဖြစ်သော အိန္ဒိယ၊ ထိုင်းနှင့် ဗီယက်နမ် တို့တွင် အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက နိုင်ငံသုံးငွေ တန်ဖိုးကျခြင်း၊ အဓိကပွဲတော်များ ကြုံကြိုက်ခြင်း၊ အရန်ဆန် သိုလှောင်မှုများ ပြန်လည်ဖြည့်တင်းခြင်းတို့ကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှ ပြောကြားသည်။

အာရှမှ ဆန်ထုတ်လုပ်သည့် နိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်တို့တွင် ပြည်တွင်းဈေးကွက်ထဲ ဆန်အဝင်နည်းခြင်းကို ကြုံတွေ့နေကြသည်။ နိုင်ငံတကာဆန်ဈေးနှုန်း- ထိုင်းဆန်လုံးရှည် (ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ) ဈေးနှုန်းများအပေါ် အခြေခံထားသော ဈေးနှုန်းများသည် ပျမ်းမျှတစ်တန်လျှင် ၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာ ၄၉၇၊ ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ ၄၉၇၊ ၂၀၂၂ ခုနှစ်တွင် ကန်ဒေါ်လာ ၄၃၇ ရှိခဲ့သည်။

**Source: World Bank**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6100-world-bank.html

## တရုတ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှုများတွင် ဒေါ်လာထက် ယွမ်သုံးစွဲမှုက ပထမဆုံးအကြိမ် ပိုများ

တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ရောင်းဝယ်မှုများတွင် ယွမ်သည် ဒေါ်လာကိုကျော်တက်ပြီး အသုံးအများဆုံး ငွေကြေး အဖြစ်သို့ ရောက်ရှိလာသည်။ ယွမ်သည် ၂၀၂၃ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံတွင် နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှုများအတွက် အသုံးအများဆုံးငွေကြေးဖြစ်လာခဲ့ပြီး ဒေါ်လာထက် ယွမ်သုံးစွဲမှုက ပထမဆုံးအကြိမ်အဖြစ် ပိုများခဲ့သည်။ ယွမ်ငွေကို နိုင်ငံတကာသုံးစွဲစေရန် တရုတ်အစိုးရ၏ ကြိုးပမ်းမှုများ အရာထင်လာခြင်းဖြစ်သည်။

နယ်စပ်ဖြတ်ကျော် ယွမ်ဖြင့်ငွေပေးချေမှုနှင့် လက်ခံဖြတ်ပိုင်းများ စုစုပေါင်းသည် ဖေဖော်ဝါရီလတွင် ဒေါ်လာ ၄၃၄.၅ ဘီလီယံဖိုးရှိခဲ့ရာမှ မတ်လတွင် စံချိန်သစ်တင် ဒေါ်လာ ၅၄၉.၉ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်းအရ သိရသည်။ နယ်စပ်ဖြတ်ကျော် ရောင်းဝယ်မှုအားလုံး၏ ၄၈.၄% တွင် ယွမ်ကို အသုံးပြုခဲ့သည်။ ဒေါ်လာသည် ဖေဖော်ဝါရီလတွင် ၄၈.၆% ရှိခဲ့ပြီး မတ်လတွင် ၄၆.၇% သို့ လျော့ကျခဲ့သည်။

တရုတ်နိုင်ငံသည် ယွမ်အသုံးပြုမှုကို နိုင်ငံတကာသို့ကူးပြောင်းရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများ ပေးချေရန်အတွက် ယွမ်အသုံးပြုမှုကို မြှင့်တင်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် ယွမ်ကို သုံးစွဲမှုနည်းပါးနေသေးသော်လည်း မှန်တန်းဖြင့်တိုးလာကြောင်းတွေ့ရသည်။ SWIFT မှ အချက်အလက်များအရ ကမ္ဘာ့ ကုန်သွယ်မှု ငွေကြေးလွှဲပြောင်းမှုတွင် ယွမ်၏ဝေစုသည် မတ်လတွင် ၄.၅% အထိ မြင့်တက်ခဲ့ပြီး ဒေါ်လာသည် ၈၃.၇၁% ရှိကြောင်း သိရသည်။

**Source: https://www.industrialdirectory.com.mm**

https://myantrade.gov.mm/article/naypyitaw_28042023_332

## ထိုင်း-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုတွင် ယွမ်-ဘတ် ပေးချေမှုအပေါ် ဘဏ်များကစောင့်ကြည့်လျက်ရှိ

လက်ရှိဖြစ်ပွားလျက်ရှိသော အမေရိကန်ဒေါ်လာ မတည်ငြိမ်မှုများကြားတွင် ငွေကြေးလဲလှယ်မှုအန္တရာယ်ကို လျော့ပါး စေရန်အတွက် နှစ်နိုင်ငံကုန်သွယ်မှုတွင် ယွမ်-ဘတ်ငွေပေးချေမှုကို အသုံးပြုရန် ထိုင်းဘဏ်နှင့် People's Bank of China တို့အကြား ဆွေးနွေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအား ယွမ်-ဘတ်ငွေပေးချေမှုကို အသုံးပြုရန် အားပေးလျက် ရှိကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌ Mr. Sethaput က ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံအကြား ပြည်တွင်းငွေကြေးများနှင့် ဘဏ္ဍာရေးအရ ပူးပေါင်းဆောင်ရွက်မှုများတွင် ကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှုကို မြှင့်တင်ရန်အတွက် ယွမ်-ဘတ် Bilateral Currency Swap Arrange-ment (BSA) ကို ၂၀၂၁ ခုနှစ်တွင် သက်တမ်းတိုးခဲ့ကြောင်း၊ BSA သည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်ရာ၌ ပြည်တွင်းငွေကြေး အသုံးပြုခြင်းတွင် ပုဂ္ဂလိက ကဏ္ဍ၏ယုံကြည်မှုကို တည်ဆောက်ရန်ရည်ရွယ်ပါကြောင်း ၎င်းကဆိုပါသည်။ ပြည်တွင်းငွေကြေးပေးချေမှု မူဘောင်အောက် တွင် အာရှဒေသအတွင်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုသာမက တစ်နိုင်ငံချင်း ငွေပေးချေရာတွင်လည်း ပြည်တွင်းငွေကြေး များကို အသုံးပြုရန်အတွက် ထိုင်းဘဏ်သည် ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန၊ မလေးရှား Negara ဘဏ်နှင့် အင်ဒိုနီးရှား ဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုဘဏ်၏ ငွေကြေးမူဝါဒဦးတည်ချက်ကြောင့် ဘတ်ငွေသည် ဒေါ်လာနှင့် နှိုင်းယှဉ်ပါက အတက်အကျဖြစ်နေကြောင်း ၎င်း၏ ပြောကြားချက်အရသိရှိရပါသည်။ တရုတ်နိုင်ငံ ပြန်လည်ဖွင့်ပေးပြီးနောက် ယင်းနိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာသော်လည်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမသေချာမှုများနှင့် အမေရိကန်၏ စီးပွားရေးနှေးကွေးနေမှုများကြောင့် ထိုင်းပို့ကုန်ပေါ်တွင် သက်ရောက်မှုရှိနေပါကြောင်း၊ တရုတ်စီးပွားရေးနှင့် ဒေသတွင်း စီးပွားရေးတို့အကြား ချိတ်ဆက်မှုများ အထူးသဖြင့် ဝန်ဆောင်မှုနှင့်ခရီးသွားကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ကိုယ့်အားကိုယ်ကိုး မူဝါဒများကြောင့် သွင်းကုန်ဝယ်လိုအား လျော့ကျစေနိုင်ပါကြောင်း Mr. Sethaput က သုံးသပ်ထားပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ပို့ကုန်ကဏ္ဍများတွင် တရုတ်နိုင်ငံပြန်လည်ဖွင့်လှစ်ခြင်းကြောင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည် ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် ၏ East Asia and Pacific Economic Report တွင် ဖော်ပြထားပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source: www.bangkok.com**

https://myantrade.gov.mm/article/Naypyitawstp_280420230316

## ဖြိတိန်တွင် ကြက်သားပြတ်လပ်၊ မွေးမြူရေးလုပ်ငန်း ပြိုလဲကျတော့မည်ဟု ကျွမ်းကျင်သူများဆို

ဖြိတိန်သည် လက်ရှိတွင် ကြက်သားပြတ်လပ်မှုနှင့်ရင်ဆိုင်နေရပြီး မကြာမီ အသီးအရွက်ပြတ်လပ်မှုနှင့်ပါ ရင်ဆိုင်လာနိုင်ရကြောင်း လုပ်ငန်းကျွမ်းကျင်သူများက သတိပေးထားသည်။

ကြက်မွေးမြူရေးခြံပိုင်ရှင်များသည် စရိတ်စကများ မြင့်တက်လာခြင်းကြောင့် ၎င်းတို့၏ ကြက်အကောင်ရေ ပမာဏကို မဖြစ်မနေ လျှော့ချလာနေရသည်။

ဖြိတိန် ကြက်ဘဲမွေးမြူရေး ကောင်စီကလည်း ကြက်များအတွက် သင့်တင့်မျှတသော ဈေးမပေးနိုင်ပါက ဖြိတိန်ရှိ ကြက်မွေးမြူရေးလုပ်ငန်းမှာ ပြိုလဲကျတော့မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

အစားအစာများအတွက် စားသုံးသူများပေးနေသော ဈေးနှုန်းသည် မွေးမြူရေးကုန်ကျစရိတ်နှင့် မကိုက်ညီသဖြင့် ထိုသို့သော စနစ်သည် ရေရှည်မတည်မြဲနိုင်ကြောင်း ကောင်စီကပြောလာသည်။

ထို့ပြင် စပိန်နိုင်ငံတွင် အပူချိန်များ စံချိန်တင်မြင့်တက်လာသောကြောင့် အသီးအရွက်များပြတ်လပ်မှုနှင့်ပါ ကြုံတွေ့လာနိုင်ကြောင်း တောင်သူလယ်သမား သမဂ္ဂ (NFU) က သတိပေးလာသည်။

ဖြိတိန်၏ အသီးအရွက်ဈေးကွက်မှာ ပြည်ပမှ တင်သွင်းမှုများကို အားကိုးနေရသဖြင့် ကျွမ်းကျင်သူများက ယခုကဲ့သို့ သတိပေးလာခြင်းဖြစ်သည်။

ဖြိတိန်နိုင်ငံတွင် ကိုဗစ်ကာလမှစတင်၍ ငွေကြေးဖောင်းပွမှု သိသိသာသာ မြင့်တက်လာသည်နှင့်အမျှ လူနေမှုစရိတ်အကျပ်အတည်းမှာလည်း ပိုမိုဆိုးရွားလာသည့်အတွက် နိုင်ငံတစ်ဝန်း လုပ်ခစာတိုးပေးရေး ဆန္ဒပြမှုများလည်း မကြာခဏ ဖြစ်ပွားခဲ့သည်။

**Source: မက်ထရို**

**Popular News Journal**

## STOCK EXCHANGE (4.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,558 (Shares) | 29,400,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +200 | +2.53% | 7,900 | 8,100 | 7,900 | 1,123 | 8,920,900 | 33,109,694 | 268,189 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,750 | 4,874 | 13,632,700 | 38,929,150 | 109,002 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 73 | 511,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 2,272 | 3,294,400 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 1,021 | 2,552,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,500 | 2,550 | 2,500 | 195 | 488,500 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th May, 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.08 | +3.75 | +1.06% | 352.33 | 356.08 | 351.76 | 9,558 | 29,400,000 | 7 | 627,450 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 4th May, 2023

| Trading Volume | Trading Value |
|---|---|
| 9,558 (Shares) | 29,400,000 (MMK) |

## Main Board

As of 1:00 pm, 4th May, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,558 (Shares) | 29,400,000 (MMK) |

| MYANPIX | 356.08 ▲ 3.75 |
|---|---|
| Total Volume (shares) | 9,558 |
| Total Value (MMK) | 29 mil |
| Listed Company | 7 |
| Market Cap. (MMK) | 627,450 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 200 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |